# 5 ကလေးပြုစုပျိုးထောင်ခြင်း

## 5-2 မူလတန်းကျောင်းသားများအား ကျောင်းချိန်ပြင်ပကြည့်ရှုစောင့်ရှောက် ခြင်း

ကျောင်းချိန်ပြင်ပကျောင်းသားကြည့်ရှုစောင့်ရှောက်ခြင်းလုပ်ငန်း (ကလေးရိပ်သာ)ဆိုသည်မှာ ကလေး၊ သူငယ်လူမှုဖူလုံရေး ဥပဒေနှင့်အညီ နေ့အချိန်မိဘ၊ အုပ်ထိန်းသူကအလုပ်လုပ်ကိုင်ခြင်းအစရှိသည့်အကြောင်းများကြောင့် အိမ်တွင်မရှိသော မူလတန်းသို့တက်ရောက်နေသည့်အကြမ်းဖြင်း အသက်ဆယ်နှစ်အောက်ကလေး (ကျောင်းလွှတ်ပြီးချိန်)များအား ကျောင်းလွှတ်ပြီးနောက်တွင်ကလေးရိပ်သာ၊ ကျောင်း၏ ပိုနေသောစာသင်ခန်းစသည်တို့ကို အသုံးပြု၍ သင့်တော်သောကစားခြင်း (သို့)နေရာကိုပေးအပ်၍ လုံခြုံကျန်းမာသောပြုစုပျိုးထောင်ခြင်း ပြုလုပ်သောနေရာ ဖြစ်သည်။

မြို့နယ် နှင့်လူမှုဖူလုံရေးအဖွဲ့အစည်းများကလက်တွေ့ဆောင်ရွက်နေပြီး၊ တနိုင်ငံလုံးတွင်နေရာပေါင်း ၂၅၀၀၀ခန့် ရှိသည်။

အတိအကျသိလိုပါကနေထိုင်သော မြို့နယ်များတွင်စုံစမ်းမေးမြန်းကြည့်ပါ။